## ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးကာလ မြန်မာ့အရေးလေ့လာသုတေသနပြုမှုများ

ဘွဲ့လွန် သုတေသနကျောင်းသားများနှင့် တက်သစ်စသုတေသီများအတွက်
အလုပ်ရုံဆွေးနွေးပွဲအတွက် လျှောက်လွှာခေါ်ယူခြင်း

နေ့ရက် - (၂၀) ဇူလိုင် ၂၀၂၃ ခုနှစ် (ကြာသပတေးနေ့)
အချိန် - နံနက် ၉ နာရီမှ ညနေ ၅ နာရီ (ဩစတြေးလျ အရှေ့ပိုင်းစံတော်ချိန်)
နေရာ - ဩစတေးလျအမျိုးသားတက္ကသိုလ်တွင် လူကိုယ်တိုင်တက်ရောက်ရန်
(အွန်လိုင်းမှတစ်ဆင့် တက်ရောက်ပါဝင်နိုင်ခွင့်ကိုလည်း စီစဉ်သူများမှ
ထည့်သွင်းစဉ်းစားသွားပါမည်)

### အလုပ်ရုံဆွေးနွေးပွဲအကြောင်းအကျဉ်းချုပ်

ဤအလုပ်ရုံဆွေးနွေးပွဲအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းပြီးနောက်ပိုင်းကာလတွင် ကြုံတွေ့ရသော ကွင်းဆင်းလေ့လာမှုများ၊ သုတေသနနည်းလမ်းများ၊ သုတေသနနှင့် ရေးသားမှုများနှင့်သက်ဆိုင်သော အတွေ့အကြုံများနှင့် သင်ခန်းစာများကို မျှဝေနိုင်ရန်အတွက် တက်သစ်စသုတေသီများနှင့် Ph.D ကျောင်းသားများကို စုစည်းပေးမည်ဖြစ်သည်။ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့မှ ၂၂ ရက်နေ့အထိကျင်းပမည့် ဩစတေးလျတက္ကသိုလ်၏ Myanmar Update Conference မတိုင်မီ အလုပ်ရုံဆွေးနွေးပွဲအား တစ်ရက်တာပြုလုပ်သွားမည်ဖြစ်ပြီး ဆွေးနွေးတင်ပြမှုအများအပြားပါဝင်မည်ဖြစ်သည်။ ဆွေးနွေးမှုအစီအစဉ်များတွင် ကွင်းဆင်းလေ့လာခြင်းနှင့် အချက်အလက်ရှာဖွေစုဆောင်းခြင်း၊ ရပ်ဝေးမှ သုတေသနပြုလုပ်ခြင်း၊ ကျင့်ဝတ်များ၊ မူဝါဒရေးရာ ချိတ်ဆက်ဆောင်ရွက်မှုများ၊ မြန်မာ့အရေး ပြောဆို၊ ရေးသား၊ ထုတ်ဝေလိုသူများအတွက် စိန်ခေါ်မှုအသစ်များအားဆွေးနွေးခြင်းတို့ပါဝင်မည်ဖြစ်သည်။ အလုပ်ရုံတက်ရောက်သူများအနေဖြင့် working paper series သို့လည်းကောင်း MRC Dialogue Series အစိတ်အပိုင်းအဖြစ် ၎င်းတို့၏သုတေသနစာတမ်းများအားမျှဝေလိုပါက ANU မြန်မာ့ရေးရာသုတေသနဌာနအနေဖြင့် လိုအပ်သည့် ပညာရပ်ဆိုင်ရာအကူအညီများကို ဆက်လက်ပံ့ပိုးပေးမည်ဖြစ်သည်။

**အရည်အချင်းသတ်မှတ်ချက်**

အလုပ်ရုံဆွေးနွေးပွဲကို ဩစတြေးလျ သို့မဟုတ် နယူးဇီလန်နိုင်ငံရှိ အဆင့်မြင့်တက္ကသိုလ်များတွင် ဝိဇ္ဇာဘာသာရပ်များ၊ နိုင်ငံရေးနှင့် လူမှုရေးသိပ္ပံဘာသာရပ်များသင်ကြားနေကြသော ကျောင်းသားများ (ဘွဲ့ကြိုဂုဏ်ထူးတန်းများ၊ သုတေသနအထူးပြု မဟာဘွဲ့များ၊ MPhil၊ PhD)၊ မြန်မာနိုင်ငံ သို့မဟုတ် အရှေ့တောင်အာရှဒေသရှိ မြန်မာနိုင်ငံသားများနှင့် တက်သစ်စသုတေသီများ တက်ရောက်နိုင်ပါသည်။ ဩစတြေးလျနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသားများ လျှောက်ထားကြရန် အလေးအနက် တိုက်တွန်းလိုပါသည်။

**ခရီးစရိတ်နှင့် ထောက်ပံ့ကြေးများ**

ဩစတြေးလျနိုင်ငံအတွင်းမှ အလုပ်ရုံဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်လိုသူများသည် ညီလာခံတက်ရောက်ရန် ကုန်ကျနိုင်သော ခရီးစရိတ်နှင့် တည်းခိုနေထိုင်စရိတ်များအတွက် ထောက်ပံ့ကြေးတစိတ်တပိုင်းကို လက်ခံရရှိမည်ဖြစ်သည်။

**အလုပ်ရုံတက်ရောက်သူများထံမှ မျှော်မှန်းမှုများ**

တက်ရောက်သူများအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲ၏ အစီအစဉ်အားလုံးကို တက်ရောက်ကြပြီး အဖွဲ့လိုက်ဆွေးနွေးမှုတွင် တက်ကြွစွာပါဝင်ကြရန်မျှော်လင့်ပါသည်။ ဆွေးနွေးပွဲမတိုင်မီ လေ့လာရန်စာရွက်စာတမ်းများအား ကြိုတင်ဖြန့်ဝေပေးမည်ဖြစ်ပါသည်။ အလုပ်ရုံအပြီးတွင် သင်တန်းသားတစ်ဦးစီအနေဖြင့် ANU MRC website တွင် အင်္ဂလိပ် သို့မဟုတ် မြန်မာဘာသာဖြင့် သုတေသနစာတမ်းတိုတစ်စောင် ရေးသားမျှဝေနိုင်ရန် တိုက်တွန်းအားပေးသွားမည်ဖြစ်သည်။ Myanmar Update တွင် စာတမ်းတင်ပြရန် ကြိုတင်ရွေးချယ်ခံရသူများသည် အလုပ်ရုံဆွေးနွေးပွဲအပြီးတွင် စာတမ်းတင်သွင်းရန် မလိုအပ်သော်လည်းဘဲ လိုဆောင်လိုက လုပ်ဆောင်နိုင်ခွင့်ရှိပါသည်။ Myanmar Update သို့တက်ရောက်နိုင်ရန် ညီလာခံစီစဉ်သူများ၏ ထောက်ပံ့မှုကို ရရှိထားသူများသည် ညီလာခံမတိုင်မီပြုလုပ်မည့် အလုပ်ရုံဆွေးနွေးပွဲသို့လည်း တက်ရောက်ရန် မျှော်လင့်ပါသည်။

**လျှောက်လွှာတင်ခြင်း**

အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လိုသူများအနေဖြင့် ယခုပြုလုပ်နေသော သုတေသန၊ ယခင် သုတေသနအတွေ့အကြုံနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် မိမိ၏စိတ်ဝင်စားမှုတို့ကို စာလုံးရေ (၂၅၀) ထက်မပိုဘဲဖော်ပြပြီး စာမျက်နှာ (၂) ခုထက်မပိုသော ကိုယ်ရေးအကျဉ်းနှင့်အတူ Hunter Marston (Hunter.Marston@anu.edu.au) သို့မဟုတ် Samuel Hmung (Samuel.Hmung@anu.edu.au) သို့ပေးပို့ရန်ဖြစ်ပါသည်။

လျှောက်လွှာနောက်ဆုံးရက်မှာ (၁၉) မေ ၂၀၂၃ ခုနှစ် (သောကြာနေ့) ဖြစ်ပြီး ရွေးချယ်ခံရသူများအား လျှောက်လွှာပိတ်ရက်အပြီး မကြာမီအကြောင်းပြန်ကြားပါမည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲအား ANU Myanmar Research Centre မှ စီစဉ်ပြီး International Development Research Centre နှင့် International Institute for Democracy and Electoral Assistance တို့မှ ပံ့ပိုးကူညီပါသည်။